လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## (၄၃)နှစ်မြောက် ၇ ရက်ဇူလိုင်အထိမ်းအမှတ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ထုတ်ပြန်ကြေညာချက်

ဗိုလ်နေဝင်းစစ်အုပ်စု နိုင်ငံရေးဇာတ်ခုံပေါ်တက်လာကတည်းက ကျောင်းသားထုက စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသား ကြွေးကြော်တိုက်ပွဲဝင်ခဲ့ကြသည်။ ဗိုလ်နေဝင်းစစ်အုပ်စုကလည်း 'ဓါးဓါးခြင်း လှံလှံခြင်း' ရင်ဆိုင်မည်ဟုကြုံးဝါးကာ ကျောင်းသားလူငယ်များကို ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး၊သမိုင်းဝင်(တကသ)အဆောက်အဦကို ဒိုက်နမိုက်ဖြင့်ဖြိုချခဲ့သည်။

သို့သော်လည်း ကျောင်းသားလှုပ်ရှားမှုသည် ရပ်တန့်မသွားခဲ့၊ (တကသ)အဆောက်အဦ ဖြိုချခံခဲ့ရသည်မှန်သော်လည်း ကျောင်းသားလှုပ်ရှားမှု၏ သမိုင်းအစဉ်အလာနှင့် (တကသ) အဆောက်အဦ ပြန်လည်တည်ဆောက်ရေးသည် ကျောင်းသားထုအစဉ်အဆက်၏ ရင်ထဲအသည်းထဲတွင် အခိုင်အမာထုထည်ဖြင့် တည်ရှိကိန်းအောင်းနေခဲ့သည်။ **'၇၄၊ ၇၅၊ ၇၆ အရေးအခင်းများ'**တွင် ထိုအစဉ်အလာနှင့်ရပ်တည်ချက်ကို ကျောင်းသားထုက အခိုင်အမာဖေါ်ပြခဲ့ကြသည်။

သမိုင်းဝင်ရှစ်လေးလုံး ဒီမိုကရေစီအတော်ပုံကြီးဖြစ်ပွားလာသော အခါကျောင်းသားလှုပ်ရှားမှု သမိုင်းအစဉ်အလာ ဖေါ်ထုတ်ရေးနှင့်(တကသ) အဆောက်အဦ ပြန်လည်တည်ဆောက်ရေးသည်၊ မျိုးဆက်သစ်ကျောင်းသားထု၏ လက်တွေ့လုပ်ငန်းစဉ် ဖြစ်လာခဲ့ပါသည်။ ထို့အပြင် (တကသ)ဖြိုခွဲသူ တရားခံနှင့်စနစ် **(ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးနှင့် စစ်အာဏာရှင်စနစ်)**ကိုပါ ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်း ကမ္ဘာကသိရှိသွားအောင် ဖေါ်ထုတ်နိုင်ခဲ့သည်။

ယခုလည်း ကျောင်းသားခေါင်းဆောင်များက **'၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်'** အကောင်အထည်ဖေါ်ရေးကို ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး အခြေခံဖြင့် အမြော်အမြင်ကြီးစွာထား၍ တင်ပြနေသည်။

သို့သော်လည်း(နအဖ) စစ်အုပ်စု က **'နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလုပ်ငန်းစဉ်(၇)ရပ်'** (Roadmap) ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ထူထောင်မည်ဟု တွင်တွင်ထုတ်ပြန်ပြောဆိုနေသည်၊ ဤသည်မှာ တစ်နည်းအားဖြင့် လွန်ခဲ့သော (၄၃)နှစ်ကကဲ့သို့ပင် **'ဓါးဓါးခြင်းလှံလှံခြင်း'** စိန်ခေါ်နေမှုပင်ဖြစ်ပါသည်။

(နအဖ)စစ်အစိုးရချမှတ်ထားသည့် (Roadmap) သည်၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရေးကို ပြတ်ပြတ်သားသားငြင်းပယ်နေသည့် (နအဖ)စစ်အုပ်စု၏ ခေါင်းမာမိုက်မဲမှုပင်ဖြစ်ပါသည်။

ထို (Roadmap)အတိုင်း လျှောက်လှမ်းမည်ဆိုလျှင် တိုင်းပြည်ပြိုကွဲကျဆုံးမည်သာဖြစ်ပါသည်။

– တိုင်းပြည်ပြိုကွဲကျဆုံးခံမည်လော?

– စစ်အာဏာရှင်စနစ်ကို အပြီးတိုင်ဖြိုချမည်လော?–ဟူသည်မှာ တိုင်းချစ်ပြည်ချစ် အင်အားစုအားလုံး ရှင်းလင်းပြတ်သားစွာ ရွေးချယ်ကြရမည့် တာဝန်ဖြစ်ပါသည်။ တိုင်းပြည်ပြိုကွဲတာမခံလိုလျှင် စစ်အာဏာရှင်စနစ်ကို အပြီးသတ်တိုက်ဖျက်ပစ်ရပေတော့မည်။ စစ်အာဏာရှင်စနစ် တည်ရှိသက်ဆိုးရှည်နေသမျှ စစ်မှန်သော ဒီမိုကရေစီစနစ် မည်သို့မျှ ပေါ်ထွန်းလာလိမ့်မည်မဟုတ်ချေ။

သို့ပါ၍ (Roadmap ) ၇ ချက်တိုက်ဖျက်ရေးသည်၊ ယနေ့ကာလကျောင်းသားလူငယ်ထု၏ သမိုင်းပေးတာဝန်ဖြစ်ပါကြောင်းနှင့် ထိုသမိုင်းပေးတာဝန်ကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အတက်ကြွဆုံး ပါဝင်ဆောင်ရွက်သွားမည်ဟု (၄၃)နှစ်မြောက် **'၇ ရက်ဇူလိုင် '**အထိမ်းအမှတ်နေ့တွင် လေးနက်တည်ကြည်စွာ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၇) ရက်။

ဆက်သွယ်ရန်

ကိုခင်မောင်တင့် – ၆၆ –၀၁– ၆၇၅၈၇၃၁
ကိုငွေလင်း – ၆၆ –၀၁– ၄၇၅၉၂၂၄

P.O Box (50)
Mae sot P.O
Mae sot
Tak (63110)
THAILAND